# မသန်မစွမ်းဖြစ်သွားသော တပ်မတော်သားများ နှင့် သေဆုံးသော သို့မဟုတ် ကျဆုံးသော တပ်မတော်သားများ၏ မိသားစုများအား ထောက်ပံ့စောင့်ရှောက်ရေးဥပဒေ

# မသန်မစွမ်းဖြစ်သွားသော တပ်မတော်သားများနှင့် သေဆုံးသော သို့မဟုတ် ကျဆုံးသောတပ်မတော်သားများ၏ မိသားစုများအား ထောက်ပံ့စောင့်ရှောက်ရေးဥပဒေ

(၂၀၁၂ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၈။)

၁၃၇၃ ခုနှစ်၊ တန်ခူးလဆန်း ၈ ရက်

( ၂၀၁၂ ခုနှစ်၊ မတ်လ ၃၀ ရက် )

## နိဒါန်း

နိုင်ငံတော်ကာကွယ်ရေးအတွက် သက်စွန့်တာဝန်ထမ်းဆောင်ရန် တပ်မတော်သို့ဝင်ရောက်၍ စစ်မှုထမ်းဆောင်ခဲ့ကြပြီး နိုင်ငံတော်ကာကွယ်ရေးတာဝန် ထမ်းဆောင်စဉ် မသန်မစွမ်းဖြစ်သွားသော တပ်မတော်သားများနှင့် သေဆုံးသော သို့မဟုတ် ကျဆုံးသော တပ်မတော်သားများ၏ မိသားစုများအား ထောက်ပံ့စောင့်ရှောက်ပေးနိုင်ရန် ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)
## အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို မသန်မစွမ်းဖြစ်သွားသော တပ်မတော်သားများနှင့် သေဆုံးသော သို့မဟုတ် ကျဆုံးသော တပ်မတော်သားများ၏ မိသားစုများအား ထောက်ပံ့စောင့်ရှောက်ရေးဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **မသန်မစွမ်းဖြစ်သွားသူ** ဆိုသည်မှာ တန်းပြည့် စစ်မှုထမ်းချိန်တွင် စစ်မှုထမ်းဆောင်ခြင်းနှင့် အကျုံးဝင်သည့် အကြောင်းတစ်ခုခုကြောင့် ကိုယ်၊ စိတ်အင်္ဂါအစိတ်အပိုင်း၊ တစ်ခုခုချို့ယွင်းသွားသော သို့မဟုတ် စစ်မှုထမ်းဆောင်ခြင်းကြောင့် ပိုမိုဆိုးဝါးလာသည်ဟု အကြောင်းပြ၍ရသည့် မသန်မစွမ်းဖြစ်သွားသော တပ်မတော်သားတစ်ဦးဦးကို ဆိုသည်။

(ခ) **သေဆုံးသူ** ဆိုသည်မှာ တန်းပြည့်စစ်မှုထမ်းချိန်တွင် စစ်မှုထမ်းဆောင်ခြင်းနှင့်အကျုံးဝင်သည့် အကြောင်းတစ်ခုခုကြောင့် သေဆုံးသော တပ်မတော်သားတစ်ဦးဦးကို ဆိုသည်။

(ဂ) **ကျဆုံးသူ** ဆိုသည်မှာ တိုက်ပွဲကြောင့် ကျဆုံးသော တပ်မတော်သားတစ်ဦးဦးကို ဆိုသည်။

(ဃ) **တန်းပြည့်စစ်မှုထမ်းချိန်** ဆိုသည်မှာ ၁၉၅၉ ခုနှစ်၊ တပ်မတော်အက်ဥပဒေကို လိုက်နာရသူတစ်ဦးနှင့် သက်ဆိုင်စေရာ၌ အောက်ပါအတိုင်း ထိုသူ ပါဝင်ဆောင်ရွက်နေသည့် အချိန်ကို ဆိုလိုသည် -

(၁) ရန်သူနှင့် ပြိုင်ဆိုင်တိုက်ပွဲဆင်နွှဲနေသော တပ်ဖွဲ့တစ်ဖွဲ့တွင် တွဲဖက်ထားသည့်အချိန် သို့တည်းမဟုတ် ပါဝင်သည့်အချိန် သို့တည်းမဟုတ်၊

(၂) ရန်သူက လုံးဝသော်လည်းကောင်း၊ တစ်စိတ်တစ်ဒေသသော်လည်းကောင်း သိမ်းပိုက်ထားသော

တိုင်းပြည်တစ်ပြည်၌ဖြစ်စေ၊ နေရာတစ်ခု၌ဖြစ်စေ၊ တိုက်ပွဲဆင်နွှဲနေသည့်အချိန် သို့တည်းမဟုတ် ယင်းကဲ့သို့သော တိုင်းပြည်တစ်ပြည်သို့ဖြစ်စေ၊ နေရာတစ်ခုသို့ဖြစ်စေ၊ စစ်ချီတက်ရာ၌ပါဝင်သည့် အချိန် သို့တည်းမဟုတ်၊

(၃) နိုင်ငံခြား နိုင်ငံတစ်ခုကို သိမ်းပိုက်ထားသော တပ်ဖွဲ့တစ်ဖွဲ့တွင် တွဲဖက်ထားသည့် အချိန် သို့တည်းမဟုတ် ပါဝင်သည့်အချိန်။

(င) **ထောက်ပံ့စောင့်ရှောက်မှု** ဆိုသည်မှာ မသန်မစွမ်း ဖြစ်သွားသူကိုသော်လည်းကောင်း၊ သေဆုံးသူ သို့မဟုတ် ကျဆုံးသူ၏ မှတ်တမ်းဝင် အမွေခံဇနီး သို့မဟုတ် ခင်ပွန်း သို့မဟုတ် သားသမီးကိုသော်လည်းကောင်း နိုင်ငံတော်က စီစဉ်ပေးသောနေရာရှိ မြေနှင့်နေထိုင်ရန် အိမ် သို့မဟုတ် တိုက်ခန်းကို ဆိုသည်။

(စ) **အခွင့်ရအာဏာပိုင်** ဆိုသည်မှာ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်က ဤကိစ္စအလို့ငှာ တာဝန်ပေးအပ်ထားသည့် အရာရှိကြီးတစ်ဦးဦးကို ဆိုသည်။

(ဆ) **ကျေနပ်လောက်အောင်တာဝန်ထမ်းဆောင်မှု** ဆိုသည်မှာ တပ်မတော်အက်ဥပဒေကို လိုက်နာရသူတစ်ဦး သည် ၎င်း၏ အကျင့်စာရိတ္တမှတ်တမ်းတွင် တစ်ဆက်တည်း စစ်မှုထမ်းသက် သုံးနှစ်အတွင်း စစ်တရားရုံးတစ်ခုခုဖြင့် ပြစ်ဒဏ်စီရင်ခံရခြင်း မရှိသည်အထိ တာဝန်ထမ်းဆောင် ခဲ့မှုကို ဆိုသည်။

## အခန်း (၂)
## မသန်မစွမ်းသူများအတွက် ထောက်ပံ့စောင့်ရှောက်မှု

၃။ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)၊ ဆေးဝန်ထမ်းညွှန်ကြားရေးမှူးသည် မသန်မစွမ်းဖြစ်သွားသူအား ဆေးခုံအဖွဲ့ဖြင့် ဖွဲ့စည်းစစ်ဆေးပြီး မသန်မစွမ်းမှုရာခိုင်နှုန်းကို သတ်မှတ်ရမည်။

၄။ မသန်မစွမ်းဖြစ်သွားသူတစ်ဦးသည် မသန်မစွမ်းမှု ရာခိုင်နှုန်း ၆၀ နှင့်အထက် သတ်မှတ်ခံရပြီး တပ်မတော်တွင် ကျေနပ်လောက်အောင် တာဝန်ထမ်းဆောင်ခဲ့သည်ဟု အခွင့်ရအာဏာပိုင်ကသော်လည်းကောင်း၊ အခွင့်ရအာဏာပိုင်က အာဏာအပ်နှင်းထားသည့် အဖွဲ့ကသော်လည်းကောင်း သတ်မှတ်ခြင်းခံရပါက ထောက်ပံ့စောင့်ရှောက်မှုကို ခံစားခွင့်ရှိသည်။

## အခန်း (၃)
## သေဆုံးသူ သို့မဟုတ် ကျဆုံးသူများအတွက် ထောက်ပံ့စောင့်ရှောက်မှု

၅။ သေဆုံးသူ သို့မဟုတ် ကျဆုံးသူတစ်ဦးသည် တပ်မတော်တွင် ကျေနပ်လောက်အောင် တာဝန်ထမ်းဆောင်ခဲ့သည်ဟု အခွင့်ရအာဏာပိုင်ကသော်လည်းကောင်း၊ အခွင့်ရအာဏာပိုင်က အာဏာအပ်နှင်းထားသည့် အဖွဲ့ကသော်လည်းကောင်း သတ်မှတ်ခြင်းခံရပါက ယင်း၏မှတ်တမ်းဝင် အမွေခံဇနီး သို့မဟုတ် ခင်ပွန်း သို့မဟုတ် သားသမီးသည် ထောက်ပံ့စောင့်ရှောက်မှုကို ခံစားခွင့်ရှိသည်။

## အခန်း (၄)
## ထောက်ပံ့စောင့်ရှောက်မှု ခံစားခွင့်မရှိခြင်း

၆။ (က) ပုဒ်မ ၄ အရ ထောက်ပံ့စောင့်ရှောက်မှု ခံစားခွင့်ရှိသူသည် တည်ဆဲဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း၊ ပြစ်မှုထင်ရှားစီရင်ခြင်းခံရပြီး ထောင်ဒဏ်ငါးနှစ်နှင့် အထက် ချမှတ်ခံရပါက ထောက်ပံ့စောင့်ရှောက်မှု ခံစားခွင့်မရှိစေရ၊

(ခ) ပုဒ်မ ၅ အရ ထောက်ပံ့စောင့်ရှောက်မှုခံစားခွင့်ရှိသူသည် တည်ဆဲဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရပြီး ထောင်ဒဏ်သုံးနှစ်နှင့် အထက် ချမှတ်ခံရပါက ထောက်ပံ့စောင့်ရှောက်မှုကို ခံစားခွင့်မရှိစေရ။

၇။ ဤဥပဒေ ပုဒ်မ ၄ သို့မဟုတ် ပုဒ်မ ၅ ပါ ထောက်ပံ့စောင့်ရှောက်မှု ခံစားခွင့်ရှိသူသည် မြန်မာနိုင်ငံသားအဖြစ်မှ နိုင်ငံခြားသားအဖြစ်သို့ ကူးပြောင်းခဲ့လျှင် ထောက်ပံ့စောင့်ရှောက်မှုကို ခံစားခွင့်မရှိစေရ။

## အခန်း (၅)
## အထွေထွေ

၈။ ကာကွယ်ရေးဝန်ကြီးဌာနသည် ဤဥပဒေအရ ခံစားခွင့်ရှိသူများ ထောက်ပံ့စောင့်ရှောက်မှု ရရှိနိုင်ရေးအတွက် ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြရမည်။

၉။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ကာကွယ်ရေးဝန်ကြီးဌာနသည် -

(က) လိုအပ်သော နည်းဥပဒေ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ထုတ်ပြန်နိုင်သည်။

(ခ) တပ်တော်ကာကွယ်ရေးဦးစီးချုပ်၏ သဘောတူညီချက်ဖြင့် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်